Myanmar Centre for
Responsible Business

ဦးသောင်းတင်
ဒုတိယပြည်ထောင်စုဝန်ကြီး
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
နေပြည်တော်

၂၀၁၅ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့

လူကြီးမင်း ရှင့် / ခင်ဗျာ

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) နှင့် မြန်မာ့ဖွံ့ဖြိုးမှုအတွက် အိုင်စီတီအဖွဲ့ (MIDO) တို့အား ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဦးစီး၍ ၂၀၁၅ခုနှစ်၊ မေလ(၁၄) ရက်နေ့ နေပြည်တော်တွင် ကျင်းပသော Telecom Master Plan နှင့် ပတ်သက်သည့် ကနဦး ညှိနှိုင်းဆွေးနွေးပွဲ နှင့် ၂၀၁၅ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင်ကျင်းပသော ဆိုက်ဘာမှုခင်းများ (Cyber Crime) နှင့်အီလက်ထရောနစ်နည်းပညာဖြင့် သိမ်းဆည်းထားသော အထောက်အထားများ (Electronic Evidence) များနှင့်ပတ်သက်သည့် အချက်အလက်ရှာဖွေရေး တွေ့ဆုံဆွေးနွေးပွဲများသို့ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ရှေးဦးစွာပြောကြားလိုပါသည်။

ဤလုပ်ငန်းစဉ်များတွင် ကျွန်ုပ်တို့အဖွဲ့အစည်းများအား ကနဦးကာလမှစတင်၍ ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် အပေါ်တွင်လည်းကြိုဆိုပါသည်။

ထိုနည်းတူစွာ "*Proposed Rules for the Telecommunications Sector Relating to Licensing, Access and Interconnection, Spectrum, Numbering and Competition*" နှင့် ပတ်သက်၍ အများပြည်သူ ပါဝင်သည့် ညှိနှိုင်းအကြံဉာဏ်ရယူဆွေးနွေးပွဲတစ်ရပ်ကျင်းပကာ ပွင့်လင်းမြင်သာမှု ပိုမိုရှိရေးအတွက် ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများအားလည်း အသိအမှတ်ပြု ထောက်ခံပါကြောင်းပြောကြားလိုပါသည်။ မေးခွန်းများ၊ အကြံပြုချက်များအား ပွင့်လင်းမြင်သာသည့်ပုံစံဖြင့် ပေးပို့တင်ပြ ဆွေးနွေးခွင့် ရရှိသည့်အတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက် ကဏ္ဍနှင့်ပတ်သက်ဆက်နွယ်သူများမှ လူကြီးမင်းတို့၏ ယင်းကဲ့သို့ လုပ်ဆောင်မှုအပေါ် ကြိုဆိုပါသည်။

MCRB နှင့် MIDO အနေဖြင့်လည်း အိုင်စီတီကဏ္ဍတွင် ကောင်းကျိုးရလာဒ်များတိုးပွားစေပြီး ဖြစ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအားလျှော့ချနိုင်စေရန် မျှော်လင့်ချက်များဖြင့် အိုင်စီတီ ကိစ္စရပ်များအား လူအများ ပို၍ ကျယ်ကျယ်ပြန့်ပြန့်နားလည်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့နားလည်မှု ပို၍ကျယ်ပြန့်လာစေရန် အရပ်ဖက်လူ့အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၅ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင် ရန်ကုန်မြို့တွင် ကျင်းပကာ၊ နေပြည်တော်တွင် မေလက ကျွန်ုပ်တို့ တက်ရောက်ခဲ့သည့် လူကြီးမင်းတို့၏ ဆွေးနွေးပွဲနှစ်ခုမှ ဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်း ပြော

ကြားခြင်း၊ တက်ရောက်လာသူများ၏ ဆွေးနွေးမှုများ၊ မှတ်ချက်များနှင့် အကြံပြုချက်များ တောင်းခံရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ဆွေးနွေးအကြံပြုချက်များအား အောက်တွင်ဖော်ပြအပ်ပါသည်။

- *အိုင်စီတီကဏ္ဍနှင့် ဆက်စပ်သည့် လုပ်ငန်းကိစ္စများ၊ ဆွေးနွေးအကြံဉာဏ်ရယူပွဲဆိုင်ရာ မှတ်တမ်းအကြောင်းအရာများအားလုံးကို အများပြည်သူ လွယ်လင့်တကူကြည့်ရှုနိုင်ရန် အွန်လိုင်းတွင် မြန်မာဘာသာဖြင့် လွှင့်တင်ထားရှိပေးပါရန်။ မှတ်တမ်းအကြောင်း အရာများအား အင်္ဂလိပ်ဘာသာ တစ်မျိုးတည်းဖြင့် ထုတ်ဝေခြင်းသည် လူအများနားလည်ဖတ်ရှုနိုင်မှုကို အဟန့်အတားဖြစ်စေပါသည်။*
    - *ထိုသို့အွန်လိုင်းမှတဆင့် အချက်အလက်များဖြန့်ဝေပေးခြင်း၊ အကြံဉာဏ်ရယူခြင်းဖြင့် လူအများ ပိုမိုပါဝင်အကြံပြုခွင့်ရရှိကြမည်ဖြစ်မည်။ အွန်လိုင်းမှ ဆွေးနွေးခွင့်ပြုသည်ဖြစ်ရာ ပါဝင်ဆွေးနွေးလိုသူများအနေဖြင့် ခရီးသွားလာရန် မလိုအပ်ခြင်းကြောင့် တည်းခိုစားရိတ်၊ ခရီးသွားလာရေး ကုန်ကျစားရိတ်များ လျော့ချနိုင်ကာ ဝန်ကြီးဌာနအားလည်းတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရန် လိုအပ်သောစီမံခန့်ခွဲမှု၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများအား လျော့ကျစေမည်ဖြစ်ပါသည်။*

- *အွန်လိုင်းဆွေးနွေးအကြံပြုချက်များရယူရန် ဆွေးနွေးအကြံဉာဏ်ရယူလိုသည့် ကိစ္စရပ်နှင့် ပတ်သက်သည့်အကြောင်းအရာ အချက်အလက်အားလုံးအား နောက်ဆုံးတောင်းခံရက် မတိုင်ခင် အွန်လိုင်းတွင် အနည်းဆုံး ရက်သတ္တပါတ် (၃) ပတ်ကြာ ကြိုတင်ထားရှိပေးပါရန်။*

- *အကြံ ဉာဏ်ရယူဆွေးနွေးပွဲကျင်းပမည့် အချိန်ဇယားများ၊ အကြံပြုချက်များ နောက်ဆုံးထားပေးပို့ရမည့် ရက်စွဲများနှင့်အတူ (ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများမှ အကြံပြုချက်များ အပါအဝင်) အကြံဉာဏ်ရယူဆွေးနွေးပွဲသို့ ပေးပို့လာသော အကြံပြုချက်များကို အများပြည်သူ ဝင်ရောက်ကြည့်ရှုနိုင်ရန် အွန်လိုင်းမှတဆင့်လည်း ထုတ်ပြန်ပေးပါရန် ထိုသို့ပြုလုပ်ရာတွင် မီဒီယာမှတဆင့်ထုတ်ပြန်ခြင်း အပါအဝင် ဝန်ကြီးဌာနမှ ယခင်က လုပ်ဆောင်ခဲ့သော အကြံဉာဏ်ရယူဆွေးနွေးပွဲများသို့ ပေးပို့လာသောအကြံပြုချက်များအား အများသိရှိလေ့လာနိုင်စေရန်အလို့ငှာ အွန်လိုင်းမှတဆင့် ပြန်လည်မျှဝေပေးပါရန်။*

ဤအထက်ပါ အကြံပြုချက်များသည် ကမ္ဘာ့ဘဏ်၏ အများပြည်သူထံမှ အကြံဉာဏ်ရယူခြင်းဆိုင်ရာ လမ်းညွှန်ချက်များ [1] နှင့် ကိုက်ညီမှုရှိသည်ကိုတွေ့ရပြီး၊ ပွင့်လင်းမှုကိုအားပေးသည့် လုပ်ထုံးလုပ်နည်းများ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ထင်သာမြင်သာရှိမှုနှင့် သတင်းအချက်အလက်များ လွယ်ကူစွာ ရရှိနိုင်မှုတို့အားလည်း မြှင့်တင်ရာရောက်သည်ကို တွေ့ရှိရကြောင်း တင်ပြလိုပါသည်။

ကျွန်ုပ်တို့ MCRB နှင့် MIDO အဖွဲ့အစည်းများကလည်း လူကြီးမင်းတို့၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် အထက်ပါအကြံပြုချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ရန် မျှော်လင့်တိုက်တွန်းလိုပါသည်။ ထို့အတူ လူကြီးမင်းတို့၏ ဝန်ကြီးဌာနနှင့် အိုင်စီတီဖွံ့ဖြိုးရေး ရှေ့လုပ်ငန်းစဉ်များတွင်လည်း ကျွန်ုပ်တို့အနေဖြင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ခွင့်ရရန် မျှော်လင့်ပါသည်။

မြန်မာပြည်တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်

---

1 ¹See: http://consultations.worldbank.org/Data/hub/files/documents/world_bank_consultation_guidelines_oct_2013_0.pdf

ဆောင်ရွက်နေသော ကြိုးပမ်းအားထုတ်မှုများအတွက်လည်း ဤစာနှင့်အတူ ကျေးဇူးတင်ရှိပါကြောင်း တပါတည်းပြောကြားလိုပါသည်။

လေးစားစွာဖြင့်

ဗစ်ကီဘိုမန်
ဒါရိုက်တာ
မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

နေဘုန်းလတ်
အမှုဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဖွံ့ဖြိုးမှုအတွက်အိုင်စီတီအဖွဲ့

မိတ္တူကို

- Mr.Mohammad T. Chowdhury, Consultant, World Bank
- Mr. Abdoulaye Seck, Country Manager, World Bank
- ဦးသန်းထွန်းအောင်၊ ဒါရိုက်တာ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊